

# ဝေမှူးသွင်

## မမရေးတဲ့ နေ့စွဲများ

(လုံးချင်းဝတ္ထုသစ်)

# အခန်း (၁)

ရန်ကုန်မြို့၊ ခြောက်နှစ်ပိုင်းတစ်ပိုင်းဒေသ၊ လှိုင်နယ်မြေ၊ ခမ္မာရုံလမ်း၊ ထိုလမ်းထဲတွင် "ရွှေနှလုံးသား"ဆိုသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည် ။ အချိန်မှာ ညနေခင်းချိန်ဖြစ်၍ ၊ ရာသီက ဆောင်းဥတုမို့ အနည်းငယ်အေးစိမ့်နေ၏။ မင်းသန့်သည် ရွှေနှလုံးသား ဆိုင်ရှေ့ စားပွဲမှာ တစ်ယောက်ထဲဟိုဟိုသည် သည် ငေးမောရင်း ဆောင်းညနေခင်းကို အရသာခံလျက်ရှိပါသည် ။

အဆောင်သူကောင်မလေးများ စွာသည် ဒီလိုအချိန်မျိုး၌ လှလှပပ ဝတ်စားဖီးလိမ်းကာ လမ်းလျှောက်ထွက်လာတတ်ကြ၏။ မင်းသန့်မှာ သူ့ရှေ့ကဖြတ်သန်းသွားသော ကောင်မလေးတွေကို လိုက်ကြည့်ပြီး မျက်စိအစာကျွေးနေလေသည် ။

ဒါသည် သူတစ်ယောက်ထဲတော့မဟုတ်… ။ တခြားဝိုင်းတွင် ထိုင်နေသည့် ယောက်ျားလေးတွေ အကုန်လုံးလည်း အဲဒီရည်ရွယ်ချက်မျိုး ရှိကြပါသည် ။ မင်းသန့်သည် မျက်စိကစားနေရင်းမှ လက်ဖက်ရည်ဆိုင်က ဖွင့်ထားသော ထူးအိမ်သင်၏ "ချစ်တိုင်းလည်း မညား" ဆိုသည့် သီချင်းကို လိုက်လံဆိုညည်းလို့ နေ၏။

ထိုအခိုက်မှာ သူ့မျက်လုံးထောင့်စွန်းဆီသို့ လိမ္မော်ရောင်တစ်ခုက အမှတ်တမဲ့ ဝင်ရောက်လာသည် ။ သူ့စိတ်ထဲ၌ ချက်ချင်းပဲ ထိုလိမ္မော်ရောင်လေးကို တွယ်ငြိသွား၏။ မင်းသန့်က လိမ္မော်ရောင်လေးကို မျက်တော

င်မခတ်စတမ်း လိုက်ကြည့်နေမိသည် ။ လိမ္မော်ရောင်က လက်ပြတ်အင်္ကျီမို့ ဝတ်ထားသည့် လိမ္မော်ရောင်နှင့် လက်မောင်းသား ဖြူဖြူဝင်းဝင်းလေးမှာ အထူးလိုက်ဖက်လှသည် ။

သူ့ရဲ့ မှတ်ဉာဏ်တွေ မချွတ်ယွင်းသေးဘူးဆိုလျှင် သူမကို အရင်က ဒီရပ်ကွက်ထဲမှာ သူ မမြင်ဖူးတာ လုံးဝ သေချာပါသည် ။ မင်းသန့်လိုပဲ တခြားဝိုင်းမှ ဘဲတွေကလည်း သူမအား လိုက်ငေးနေကြ၏။ သူမသည် ဘေးမှ အဖော်ပါလာသော သူငယ်ချင်းကောင်မလေးကို စကားတွေရွှန်း ရွှန်းဝေအောင်ပြောရင်း ပြုံးရယ်နေပါသည် ။

ကြည့်ရတာ ငါ့ထက်တော့ အသက်နည်းနည်းကြီးမယ့်ပုံပဲ... ဟု မင်း သန့်က သူမကို အတွေးနှင့် ခန့်မှန်းမိ၏။ ပြီးတော့ သူက နှုတ်မှ "မမ... " ဟု တီးတိုးရေရွတ်ကြည့်မိပြန်သည် ။ ထိုအခါ မင်းသန့်ရင်ထဲမှာ ကြည် နူးဆွတ်ပျံ့မှုတစ်မျိုးကို ခံစားရပါသည် ။

မမသည် "ရွှေနှလုံးသား" ဆိုင်နှင့် ဘေးချင်းကပ်လျက်က "ခိုင်" စ တိုးအပေါက်ဝတွင် ချိတ်ဆွဲထားသော Fancy ပစ္စည်းလေးများ ထံ ရုတ် တရက် အကြည့်ရောက်သွား၏။ ထို့နောက်... သူမက အဖော်ကောင်မ လေးကို မျက်လုံးနှင့် အချက်ပြလိုက်ပြီး "ခိုင်" စတိုးဆီသို့ ဦးတည်လိုက် ပါတော့သည် ။

ဒါကိုမြင်သော မင်းသန့်က ဝမ်းသာသွား၏။ အကြောင်းမှာ သူမတို့ စိတ်ဝင်စားစွာ ဝင်ကြည့်နေသော Fancy ပစ္စည်းတွေ ချိတ်ထားသည့် ကြိုးတန်းများ နှင့် မင်းသန့်၏ စားပွဲဝိုင်းသည် ခြောက်ပေခန့်သာ ကွာ ဝေးသောကြောင့် ဖြစ်သည် ။ ဒါကြောင့် မမ၏ မျက်နှာလှလှလေးကို သူ က ကြိုးတန်းများကြားမှ အနီးကပ်ကြည့်ရှုနိုင်သည် ။ သူ့ရင်ခုန်သံတွေ ကား အထူးမြန်ဆန်နေလျက်ရှိ၏။ မမကို အဖော်ပါလာသည့် ကောင်မ

လေးက Fancy ကလစ်လေးများ ဝယ်ရန် တိုင်ပင်နေဟန်သူပါသည် ။

မမ၏ အပြော၊ အဆို၊ အမူ၊ အကျင့်နှင့် လှုပ်ရှားရယ်မောပုံများကို မင်းသန့်က တစ်ဝကြီး ခံစား၊ လေ့လာခွင့်ရခဲ့သည် ။ တချို့သော စကားသံတို့ ကို သူက နားစွန်၊ နားဖျားကြားရတတ်၏။ ထိုဆိုင်ကို မမက ဦးဆောင်၍ ခေါ်သွားခြင်းဖြစ်သော်လည်း ၊ တကယ်တမ်းမှာ အဖော်ကောင်မလေးက မမထက် Fancy ပစ္စည်းတွေကို ပိုမိုစိတ်ဝင်စားနေလေသည် ။ ဆယ်မိနစ်နီးပါးလောက်ကြာသောအခါ မမက တစ်စုံတစ်ခုကို ရုတ်ချည်းသတိရသွားပြီး အဖော်ကောင်မလေးကို လှမ်းပြောလိုက်ပါသည် ။

"ဟဲ့... စုစု၊ မြန်မြန်လုပ်... စာအုပ်ဟောင်းဆိုင်ကိုသွားဖို့ နောက်ကျနေဦးမယ်"

"နေပါဦးဟ...။ ဒီမှာ ရွေးလို့ တောင်မပြီးသေးဘူး"

"နောက်ပြီးမှ ပြန်လာရွေး စုစုရာ... တော်ကြာ ဒီလထုတ် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းကို သူများ ဦးသွားလို့ မရဘဲနေဦးမယ်"

"အင်းပါ ဝတ်မှုန်ရဲ့ ... ခဏလေးပါ။ စာအုပ်ဆိုင်က မဘုတ်ကို ငါပိုင်ပါတယ်။ ဒီမှာ ငါကလစ်ရွေးလို့ ပြီးတော့မယ်။ ခဏလေးစောင့်... ဟုတ်ပြီလား"

မမနာမည်က ဝတ်မှုန်ဆိုပါလား။ မမ၏ နှုတ်ခမ်းလေး စူသွားပုံကို သူငေးရီနေရာမှ ၊ ခေါင်းထဲမှာ အတွေးတစ်ချက်က လက်ခနဲ လင်းဖြာသွားသည် ။ မင်းသန့်က ချက်ချင်း ကောက်ကာငင်ကာကြီး ပိုက်ဆံအမြန်ရှင်းပြီး ထထွက်လာခဲ့၏။ သူ့ခြေလှမ်းတို့ မှာ မဘုတ်တို့ စာအုပ်အဟောင်းဆိုင်ဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားနေပါသည် ။ တစ်ခဏတွင်း မင်းသန့်တစ်ယောက် စာအုပ်အဟောင်းဆိုင်သို့ ရောက်ရှိလာသည် ။

မဘုတ်တို့ ဆိုင်ကိုရောက်တာနှင့် သူက ဒီလထုတ် ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းကို ပြူးပြဲပြီးရှာတော့သည် ။ လုံးဝရှာလို့ မတွေ့တော့မှ မဘုတ်ကို မေးရ၏။ မဘုတ်က “သူများ ငှားသွားတာ ပြန်လာမအပ်သေးဘူး” ဟု ပြော၏။ ထိုစကားကြောင့် မင်းသန့်မှာ စိတ်ဓာတ်ကျသွားသည် ။

နောက်ဆုံးမျှော်လင့်ချက်အနေနှင့် သူက မမတို့ ရောက်မလာခင်အထိ မဂ္ဂဇင်းပြန်လာအပ်မည့် သူကို စောင့်မျှော်နေမိသည် ။ ငါးမိနစ်ခန့်ကြာတော့ ခပ်လှမ်းလှမ်းတွင် မမတို့ နှစ်ယောက် လျှောက်လာတာကို တွေ့ရ၏။ ခုချိန်ထိ စာအုပ်လာအပ်ကြသူတွေထဲမှာ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းက ပြန်ပါမလာသေးချေ။ မမတို့ က တဖြည်းဖြည်းနှင့် ဆိုင်ပေါက်ဝကို ရောက်လာကြပြီ။

ဆိုင်ကို ရောက်ရောက်ချင်း “စုစု” ဆိုသော မမ၏ အဖော်ကောင်မလေးက မဘုတ်အား မေးလိုက်သည် ။

“မဘုတ်… ဒီလထုတ်ရုပ်ရှင်တေးကဗျာပေးပါ… ”

“ပြန်မရောက်သေးဘူး စုစုရဲ့ ”

မမနှင့် စုစုတို့ မျက်လုံးချင်းဆုံကာ တိုင်ပင်လိုက်ကြသည် ။ မမက စုစုကို ဘယ်အချိန်လောက်ရမလဲဆိုတာ မေးခိုင်းနေ၏။ ဒါဆို မမနှင့် စာအုပ်အငှားဆိုင်ပိုင်ရှင် မဘုတ်တို့ မှာ တိုက်ရိုက်ရင်းနှီးသိကျွမ်းမှုမရှိတာ သေချာနေပြီ။ မမ သူတို့ ရပ်ကွက်ထဲကို ပြောင်းလာတာ အလွန်ဆုံးရှိမှ တစ်ပတ်လောက်ပေါ့။ မင်းသန့်သည် မမနှင့် ပတ်သက်သည့် အချက်အလက်တချို့ကို စိတ်ထဲမှ မှန်းကြည့်နေမိ၏။ မဘုတ်က သူမတို့ ကို မဂ္ဂဇင်းပြန်လာအပ်မည့် အချိန်အား မခန့်မှန်းနိုင်ကြောင်း ရှင်းလင်းပြောပြနေဆဲမှာ ဦးလေးကြီးတစ်ယောက်က ဒီလထုတ် ရုပ်ရှင်တေးကဗျာ မဂ္ဂ

ဇင်းအသစ်ကိုကိုင်၍ ဆိုင်ထဲဝင်လာသည် ။

ဦးလေးကြီးလက်ထဲကနေ မဘုတ်စားပွဲပေါ်ရောက်လာသော ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းကို မင်းသန့်က အမြန်ကောက်ယူလိုက်ပြီး

"မဘုတ်... ရုပ်ရှင်တေးကဗျာကို ကျွန်တော့်နာမည် မှတ်လိုက်... "

ရုတ်တရက်ဆိုတော့ အားလုံးက မင်းသန့်ကို ကြောင်ပြီးကြည့်နေကြ၏။ မမလည်း နောက်မှ အသိဝင်လာကာ ဆိုင်ရှင်မဘုတ်ဆီကို အားကိုးတကြီးနှင့် တိုင်တည်၍ ပြောလေသည် ။

"ရုပ်ရှင်တေးကဗျာက ကျွန်မတို့ အရင်ပြောထားတာလေ၊ အစ်မရဲ့ ...."

မင်းသန့်က ချက်ချင်းခွန်းတုံ့ပြန်ပြီး ပြောလိုက်၏။

"ဘယ်ကဟုတ်ရမှာ လဲ။ ဒီဆိုင်ကို ကျွန်တော်အရင်ရောက်တာ၊ ကျွန်တော်အရင် ပြောထားတာ... ။ ဟုတ်တယ်နော်... မဘုတ်... "

မဘုတ်လည်း ဘယ်သူ့ဘက်လိုက်ရမှန်း မသိဖြစ်နေပြီး၊ စိတ်ညစ်စွာ ခေါင်းကုတ်နေရှာသည် ။ အမှန်တကယ် ဆိုင်ကိုစောရောက်လာသူက မင်းသန့်... ။ သို့သော် စုစုတို့ ကလည်း မဂ္ဂဇင်းကို ချန်ခိုင်းထားပြီး ဦးဦးဖျားဖျား ဖတ်နေကျဖောက်သည် တွေ ဖြစ်၏။

မင်းသန့်သည် မမနှင့် အပြိုင်အဆိုင် စာအုပ်လုငှားခွင့်ရသဖြင့် ပျော်နေ၏။ ပျော်မှာ ပေါ့။ သူရည်ရွယ်ချက်ကလည်း အခုလို မမနှင့် စာအုပ်လုငှားရင်း ကတောက်ကဆဖြစ်စေဖို့ ပင် မဟုတ်ပါလား။ စုစုက မဘုတ်ကို အတင်း ဖိအားတွေပေးကာ ပြောနေပြန်ပါသည် ။

"မဘုတ်... လုပ်လေ၊ ရုပ်ရှင်တေးကဗျာက စုစုတို့ အရင် ပြောထားတာနော်။ သူ့ဆီက ပြန်တောင်းပေး... "

"ဘာမှ ခင်ဗျားတို့ အရင် မဟုတ်ဘူး ။ ကျွန်တော်အရင်ရောက်နေတာ။ မဘုတ်... ပြောပြ လိုက်လေ... "

မမကလည်း သူအလွန်ဖတ်ချင်နေသော မဂ္ဂဇင်းကို ဖြတ်လုသွားသဖြင့် စိတ်တိုနေပုံရ၏။

"သူများ အရင်ပြောထားတဲ့ စာအုပ်ကိုလည်း ဖြတ်လုသွားသေးတယ် ။ ယောကျ်ားလေးဖြစ်ပြီး စွာကလည်း စွာသေးတယ်။ မိန်းကလေးတွေနဲ့ အပြိုင် စာအုပ်လည်း လုရဲသေးတယ်။ ဒီလိုယောကျ်ားမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

မင်းသန့်မျက်နှာမှာ တင်းမာလာ၏။ မျက်နှာက တင်းမာနေသော်လည်း သူ့စိတ်ထဲတွင် တော့ ကျိတ်၍ ပျော်ရွှင်ကျေနပ်နေလေသည် ။ ဒီလောက်ဆို မင်းသန့်ကို မမက သေချာပေါက် မှတ်မိသိရှိသွားပြီ။ မဘုတ်က မနေသာတော့ဘဲ သူတို့ အငြင်းအခုံကို ဝင်ရောက်ဖြေရှင်းပေးရတော့၏။

"မဘုတ်ပြောမယ်နော်။ နှစ်ယောက်စလုံးက ကိုယ် Customer တွေချည်းပဲ။ မဘုတ်အနေနဲ့ အမှန်ကိုပဲ ပြောမယ်။ သူက စုစုတို့ ထက်အရင် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းကို လာငှားတာအမှန်ပဲ။ ဒီတော့ ညီမတို့ မနက်ဖြန်မှ ပဲ ဖတ်တော့...။ မဘုတ်သေချာပေါက် ချန်ထားပေးပါ့မယ်... ဟုတ်ပြီနော်"

ထိုကဲ့သို့ မဘုတ်က ကြားဝင်ဒိုင်လူကြီးလုပ်ကာ ဆုံးဖြတ်ပေးလိုက်မှပဲ သူမတို့ လည်း ငြိမ်သွားလေတော့သည် ။ မမရဲ့ မကျေမနပ် ဖြစ်နေသော စူပုပ်ပုပ်မျက်နှာလေးကို မင်းသန့်မှာ စွဲငြိသွားရ၏။ ဆိုပါစို့...။ အဲဒီတစ်ကြိမ်တစ်ခါထဲနှင့် မမကို သူချစ်မိသွားခဲ့ပါသည် ။

မင်းသန့်က ရုတ်တရက် သူ့လက်ထဲရှိ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းကို

မဘုတ်စားပွဲပေါ် တင်လိုက်ရင်း-

"မဘုတ်... ဒီမဂ္ဂဇင်းကို ကျွန်တော်မယူတော့ဘူး။ သူတို့ ကိုပဲ ပေးလိုက်ပါ... "

အဲဒီလိုပြောပြီး မင်းသန့်က မဘုတ်တို့ ဆိုင်ကို ကျောခိုင်းထွက်ခွာလာခဲ့ပါသည် ။ သူမတို့ အားလုံးဆီမှ အံ့သြတကြီးအကြည့်တွေ သူ့နောက်ကျောမှာ ကပ်ပါလာမည်ကို မင်းသန့်က သိနေ၏။

သူ့လုပ်ရပ်တွေကို ပထမတော့ သူမလည်း အူကြောင်ကြောင်ဖြစ်နေသေး၏။ နောက်မှ ထိုချာတိတ်၏ ရည်ရွယ်ချက်နှင့် ပစ်မှတ်ကို သဘောပေါက်သွားကာ မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်မိသည် ။

ချာတိတ်သည် သူ့ကိုယ်သူတော့ "ဟုတ်လှပြီ" ထင်နေပုံရ၏။ အခုလည်း ဘယ်ယောကျ်ားတစ်ယောက်ကိုမှ ချစ်ချင်စိတ်မရှိတော့သော သူမကို ချာတိတ်က လာပြီး သွေးတိုးစမ်းနေပြန်ပြီ။ သူမက ကျောခိုင်းထွက်သွားသည့် ချာတိတ်၏ နောက်ကျောပြင်ကို စူးစူးစိုက်စိုက် လိုက်ကြည့်နေမိ၏။

သူမတွက်တာ မမှားဘူးဆိုလျှင် ယခုကျောခိုင်းထွက်သွားသော ချာတိတ်သည် မနက်ဖြန်မှ စ၍ သူမ နောက်ကို လျှောက်လိုက်တော့မည်။ အခြေအနေပေးတာနှင့် ချာတိတ်က သူမကို ချစ်ရေးဆိုတော့မည်။ သူမက သက်ပြင်းရှည်ကြီးတစ်ချက်ချကာ၊ ခေါင်းကို ဖြည်းဖြည်းချင်းရမ်းမိပါသည် ။

ရောက်ရာအရပ်မှာ သူမနှင့် ချစ်တမ်းကစားရန် ယောကျ်ားလေးတွေက အမြဲအဆင်သင့် ရှိနေတတ်ကြသည် မဟုတ်လား။

*

# အခန်း (၂)

ဇန်နဝါရီညနေခင်းသည် ပြာလွင်သော မိုးသားများ အောက်တွင် အထူးပင် သာယာလှပနေ၏။ ငှက်များက အုပ်စုဖွဲ့ကာ မြောက်အရပ်ဆီသို့ ပျံသန်းသွားကြသည် ။ စိန်ကုလားနှင့် ညိုထွန်းတို့ သည် ဘော်ဒါတွေနဲ့ ချိန်းထားသော "လောကဓံ" အရက်ဆိုင်ကို သွားရန် အချိန်တန်ပြီဖြစ်သော်လည်း မသွားနိုင်သေးဘဲ ညနေခင်း၏ အလှတွင် ငြိတွယ်လျက်ရှိ၏။

ဒီလိုဆည်းဆာချိန်သည် သူတို့လို ငွေကြေးဥစ္စာကို သုံးစွဲ၍ အပန်းမဖြေနိုင်သော လူတန်းစားတို့ အတွက် ဖိမ်ခံပစ္စည်းတစ်မျိုးလည်း ဖြစ်ပါသည် ။ ခဏကြာတော့ ညနေခင်းမှာ ရတ်ချည်းဆိုသလို ညိုမှိုင်းမဲမှောင်ကျသွားခဲ့၏။ ဆယ့်ငါးမိနစ်ခန့် အချိန်လေးအတွင်းမှာ ပတ်ဝန်းကျင်တစ်ခုလုံးသည် မယုံနိုင်လောက်အောင် ပြောင်းလဲသွားလေသည် ။

နေ့တာတိုသော ဆောင်းညနေခင်းများ ၌ ဆည်းဆာချိန်နှင့် အမှောင်ထုမရောက်ခင် စပ်ကြားရှိ ကာလငယ်လေးသည် မိနစ်ပိုင်းမျှသာ ကြာတတ်၏။ ညနေခင်းမှာ ချက်ချင်း ညဦးပိုင်းအဖြစ် ကူးပြောင်းလို့ သွား၏ ။ ထိုအခါ ညိုထွန်းတို့ နှစ်ယောက်လည်း အဆောင်မှ အရက်ဆိုင်သို့ ချီတက်ရန် သတိတရ ပြင်ဆင်ကြတော့သည် ။ စိန်ကုလားသည် တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်မိသည် ။ အချိန်က ညနေခြောက်နာရီ ငါးမိနစ်

ရှိပြီ။ သူက ညိုထွန်းကိုလှမ်း၍ လောလိုက်ပါ၏။

“ညိုထွန်း... မြန်မြန်လုပ်ကွ၊ ဆိုင်မှာ ဟိုကောင်တွေ ရောက်နေလောက်ပြီ”

“အေးပါ... ငါက လုံချည်လေးလဲလိုက်ရုံပါပဲ”

“မင်းကလည်း ညိုထွန်းရာ... အရက်ဆိုင်သွားမည့် ဥစ္စာ... ရှုတင်သွားမှာ မဟုတ်ဘူး ကွ၊ ဟိုမှာ ဘယ်စော်မှ မရှိဘူး။ တစ်ဆိုင်လုံး အရက်သမားတွေချည်းပဲ။ နားလည်လား”

“ငါက လှချင်လို့ မဟုတ်ဘူး စိန်ကုလားရဲ့ ... ပုဆိုးက အပေါက်ကြီးနဲ့ မို့လို့ ပါ”

“ကဲပါကွာ... ဆင်ခြေတွေ လာပေးမနေစမ်းပါနဲ့ ညိုထွန်း... မင်းအကြောင်းများ မသိရင်ခက်ဦးမယ်။ ပုဆိုးကို မြန်မြန်လဲ၊ ပြီးရင်သွားမယ်။ အခုအချိန်ဆို ဆိုင်မှာ ဘိုဘိုတို့ ရောက်လောက်ပြီ”

စိန်ကုလား၏ စကားကို ဒီတစ်ခါညိုထွန်းက ဘာမှ ပြန်မပြောဘဲ ငြိမ်ကာနားထောင်နေလိုက်ရသည် ။ “ငြိမ်” ဆို စိန်ကုလားပြောတာလည်း အမှန်ပဲ ဖြစ်၏။ ညိုထွန်းဆိုသောကောင်မှာ လူက ဘာရုပ်မှ မပေါက်သော်လည်း ၊ အလှအပအလွန်ကြိုက်တတ်သည် ။ သူက ဟုတ်တာရော၊ မဟုတ်တာရောပါ အကုန်၊ အစုံလုပ်သည် ။ သို့သော် ညိုထွန်းက ဟုတ်တာပဲလုပ်လုပ်၊ မဟုတ်တာပဲလုပ်လုပ် သူ့ပုံစံကို သပ်ရပ်သန့်ရှင်းနေအောင် အမြဲနေတတ်၏။

သူတို့ နှစ်ယောက်သည် ဆောင်းညဦးပိုင်းမို့ အနွေးထည်ကိုယ်စီနှင့် အရက်ဆိုင်သို့ ခပ်သွက်သွက်လေး လှမ်းလျှောက်လာခဲ့ကြသည် ။ “လောကစံ” အရက်ဆိုင်ကိုရောက်တော့ အောင်ဘိုဘိုနှင့် ဝေဖြိုးတို့ က န

စ်ယောက်ပေါင်းကာ ဘီအီးတစ်ပိုင်းလောက်ကို ကြိုတင်ဖြုတ်ထားပြီးသား ဖြစ်နေ၏။ ညိုထွန်းက စားပွဲပေါ်ရှိ သူသောက်မည့် အရက်ဖန်ခွက် အလွတ်တစ်လုံးကို အသန့်ကြိုက်သော ထုံးစံအတိုင်း အကြိမ်ကြိမ်၊ အထပ်ထပ် ဆေးကြောနေပါသည် ။

သူနှင့် အဆောင်တွင် တစ်ခန်းထဲအတူတူနေသော စိန်ကုလားက ညိုထွန်းကို မျက်နှာတိ၊ မျက်နှာထားဖြင့် ငေါက်လိုက်၏။

“ဟေ့ကောင် ညိုထွန်း… မင်းဖန်ခွက်ဆေးနေတာ ရေသန့်ဘူးတစ်ဘူးလုံး ကုန်တော့မယ်။ ကြည့်လုပ်… ”

အောင်ဘိုဘိုလည်း မနေနိုင်တော့ဘဲ စိန်ကုလားဘက်မှ ညိုထွန်းကို ဝင်ပြောသည် ။

“ဟုတ်သားပဲ ညိုထွန်းရာ… မင်းဟာက ဒီနေ့အဖို့ အရက်သောက်ဦးမှာ လား။ ခွက်ကလည်း ဆေးလို့ ကို မပြီးတော့ဘူး။ အဲဒီလောက် အသန့်ကြိုက်နေရင် နောက်နေ့ကျမှ မင်းအိမ်က ခွက်ကိုယူလာခဲ့။ ဟုတ်ပြီလား”

သူငယ်ချင်းတွေက ဇီဇာကြောင်လွန်းသော ညိုထွန်းကို အဲဒီလိုဝိုင်းပြောကြလျှင် သူသည် ပြုံးပြုံးလေး လုပ်နေတတ်၏။ ညိုထွန်းက ခွက်ကို အမြန်ဆေးလိုက်ပြီး အရက်တစ်ခွက်ငှဲ့ကာ မော့ချပစ်လိုက်၏။ ညိုထွန်းသည် ချက်ချင်းပဲ မျက်နှာကြီးနီရဲတက် လာလေသည် ။ နီရဲလာပေမပေ့ါ။ သူက ရေမရောဘဲ အရက်တွေချည်း (naked) နိဒ်သောက်လိုက်မိသလိုဖြစ်သွားတာကိုး… ။

စိန်ကုလားက ရှုံ့မဲ့နေသော ညိုထွန်းမျက်နှာကို ကြည့်ကာ ရယ်လိုက်၏။ အရမ်းအလှကြိုက်သည့် ညိုထွန်းတစ်ယောက် အခုတော့ ရုပ်ပျက်၊ ဆင်းပျက် ရှုံ့မဲ့နေသည် မဟုတ်ပါလား။ ဝေဖြိုးက ညိုထွန်းကို ရေ

တစ်ခွက်သောက်ခိုင်းသည် ။

"ရော့... ဒီမှာ ရေသောက်လိုက် ညိုထွန်း... ။ မင်းကွာ... ဘယ်လိုများ ဖြစ်ရတာလဲ"

"ငါလား... ရေရောဖို့ မေ့သွားလို့ ကွ။ ဟီးဟီး... "

ညိုထွန်းက အဲဒီလိုကောင်မျိုးဖြစ်သည် ။ မလည်ရှုပ်ဟု ဆိုရမည်။ သူ၏ အလွန်ဇီဇာကြောင်သော အကျင့်နှင့် အူကြောင်ကြောင် စရိုက်ကို ပေါင်းလိုက်သည့် အခါ အမြဲပြဿနာတွေ တက်နေလေ့ရှိ၏။ အောင်ဘိုဘိုက

"မင်းကတော့ ဖြစ်ရမယ်။ အခုရော ဘယ်လိုနေသေးလဲ"

"အချမ်းပြေသွားတယ်"

ညိုထွန်းစကားကြောင့် သူတို့ ပါ ရေမရောဘဲ လိုက်သောက်ရမလိုဖြစ်နေ၏။ ဇန်နဝါရီ ဆောင်း၏ ညဦးပိုင်း အချိန်များ သည် အနွေးထည် ကိုယ်စီဝတ်၍ အရက်သောက်နေသည့် တိုင်အောင် ချမ်းစိမ့်မှုဒဏ်ကို မကာကွယ်နိုင်သေးချေ။

ဒီနှစ် ရန်ကုန်ဆောင်းသည် ခါတိုင်းနှစ်တွေကထက် ပို၍ အအေးလွန်ကဲလျက်ရှိပါသည် ။ သူတို့ အုပ်စုက အရက်ကို အမြဲမသောက်ကြသော်လည်း တစ်ပတ်တွင် နှစ်ရက်လောက် လူစုပိုင်းဖွဲ့နေကျ ဖြစ်၏။ သူတို့ အဖွဲ့က စုစုပေါင်းငါးယောက်ရှိသည် ။ ဝေဖြိုးက လူမစုံသေးသည် ကို သတိရသွားကာ၊ စိန်ကုလားအား လှမ်းမေးလိုက်၏။

"စိန်ကုလား... ဟို မင်းသန့်ရော... အခုထိ မလာသေးပါလား"

"ငါလည်း မတွေ့သေးဘူးကွ။ ဒီနေ့ ငါတို့ သောက်မှာ ကို မင်းသန့် သိတယ်မဟုတ်လား"

ဝေဖြိုးက

"ဘာလို့ မသိရမှာ လဲ။ ငါဒီဆိုင်ကို ထွက်မလာခင်လေးတင် ဒီကောင့်ဆီဖုန်းဆက်ပြီး ပြောခဲ့တာပဲ။ အဲဒီတုန်းကတော့ သူက တစ်နေရာကို ခဏသွားပြီး လာခဲ့မယ်တဲ့ "

အောင်ဘိုဘိုက တွေးတွေးဆဆနှင့် ဝင်ပြောလိုက်ပါသည် ။

"ဩော်... ဒါဖြင့် မင်းသန့်နောက်ကျနေတာ ဖြစ်မှာ ပေ့ါ။ လာပါလိမ့်မယ်... "

ထိုအချိန်လေးမှာ ပဲ အပြင်ကို လှမ်းကြည့်နေသည့် ညိုထွန်းက ရုတ်တရက် ထအော်သည် ။

"ဟော... ဟိုမှာ လာပြီ၊ လာပြီ"

သူတို့ အဖွဲ့၏ ငါးယောက်မြောက်သူငယ်ချင်းပါ ရောက်လာ၍ အားလုံးလူစုံသွားကြပြီဖြစ်သည် ။ နောက်ဆုံးမှ ရောက်လာ၍ အားလုံးလူစုံသွားကြပြီဖြစ်သည် ။ နောက်ဆုံးမှ ရောက်သူမှာ "မင်းသန့်" ဖြစ်ပါ၏။ မင်းသန့်သည် သူတို့ အဖွဲ့ထဲမှာ ရုပ်ရည်အချောဆုံး၊ အသန့်ဆုံးဖြစ်ပြီး ကောင်မလေးတွေကိုလည်း ထည်လဲတွဲနေသူဖြစ်ပါသည် ။

သူတို့ အဖွဲ့မှာ တစ်ယောက်တစ်မျိုး ထူးခြားမှု ကိုယ်စီရှိကြ၏။ ဥပမာ- ညိုထွန်းသည် ဆင်တူရိုးမှား နာမည်များကို ဘယ်တော့မှ မမှတ်မိဘဲ အမြဲမှားပြောလေ့ရှိ၏။ (သူ အသန့်၊ အလှကြိုက်တာကိုတော့ သိပြီးလောက်ပြီ။) အောင်ဘိုဘိုဆိုလည်း ငယ်ငယ်လေးထဲက ခေါင်းတုံးကို အမြဲတုံးထားလေ့ရှိသူဖြစ်ပြီး ခေါင်းမှာ ဆံပင်ပေါက်လာလျှင် မနေတတ်တော့ပေ။ (သူ့နာမည်ကို အားလုံးက "ဘိုဘို" ဟု သာ အလွယ်ခေါ်ကြပါ၏။) အောင်ဘိုဘို၏ နောက်ထပ်ဂုဏ်ပုဒ်တစ်ခုမှာ "ကြီးပေါ်" ဆိုသော

နာမည်ဖြစ်ကာ၊ သူက ရပ်ကွက်ထဲမှာ ဒီအရွယ်ရောက်တဲ့ အထိ ကလေး ဗိုလ်လုပ်နေခြင်းပင်ဖြစ်သည် ။

စိန်ကုလားကျတော့ တစ်မျိုး၊ သူ့နာမည်က စိန်ကုလား ဆိုသော်လည်း အသားအရည်မှာ ဖြူဝင်းစိုပြေနေပါ၏။ ဒါပေမဲ့ သူ့ရုပ်က ကုလားဆင်ဟု ဆိုရမည်။ နှာတံပေါ်၍ မျက်လုံး၊ မျက်ဖန်ကောင်း၏။ ခြုံပြောရလျှင် စိန်ကုလားသည် အသားဖြူပြီး ရုပ်ဖြောင့်သူတစ်ဦးလို့ ပြောနိုင်သည် ။ စိန်ကုလား၏ အမည်ရင်းမှာ တခြားမဟုတ်ဘဲ မောင်စိန်ကုလားပင် ဖြစ်လေသည် ။ နောင်တစ်ချက်က စိန်ကုလားမှာ လည်လည်ဝယ်ဝယ်ရှိခြင်း ဖြစ်၏။ သူတို့ အဖွဲ့တွင် စိန်ကုလားကဲ့သို့ လည်လည်ဝယ်ဝယ်ရှိသူ တခြားတစ်ယောက်ရှိသေးသည် ။

အဲဒီတစ်ယောက်ကတော့ ဝေဖြိုးပဲဖြစ်ပါသည် ။ စိန်ကုလားနှင့် ဝေဖြိုးတို့ မှာ အဖွဲ့တွင် ဦးဆောင်သူများ ဖြစ်ကာ၊ ဘာပဲလုပ်လုပ် အမြဲရှေ့က စီစဉ်ညွှန်ကြားရလေ့ရှိသည် ။ ဝေဖြိုး၏ ရှေ့သွားနှစ်ချောင်းသည် အနည်းငယ် ခေါနေသည့် အတွက် သူ့ကိုအားလုံးက ကွယ်ရာတွင် “ခေါကြီး” ဟု ခေါ်တတ်ကြသည် ။ ဝေဖြိုးက အဖွဲ့ထဲတွင် အချမ်းသာဆုံးမို့ ဘယ်နေရာ၊ ဘယ်ဝိုင်းမှာ ဖြစ်ဖြစ် ပိုက်ဆံအများ ဆုံး စိုက်ရှင်းရသူလည်း ဖြစ်၏။ သူ့ရုပ်ရည်သည် ဘယ်လိုပြင်ပြင်၊ ဘာတွေပဲဝတ်ဝတ် အညာသားရုပ်ကတော့ ပျောက်မသွားချေ။

သူတို့ သူငယ်ချင်းတွေအားလုံးမှာ အဝေးသင်တက္ကသိုလ် ကျောင်းသားများ ဖြစ်ကြသည် ။ ညိုထွန်းနှင့် စိန်ကုလားတို့ သည် နယ်မှ ဖြစ်၍ ဒီရပ်ကွက်ထဲတွင် အဆောင်ငှားနေကြခြင်း ဖြစ်၏။ နှစ်ယောက်စလုံးပြည်မြို့က ဖြစ်လေသည် ။ အလုပ်ကအစ အတူတူဖြစ်ကာ နှစ်ယောက်လုံး SONYကုမ္ပဏီဝန်ထမ်းတွေ ဖြစ်ကြ၏။ သို့သော် ကုမ္ပဏီချင်းတော့ မ

တူချေ။ သူတို့ သည် အဝေးသင်စာမေးပွဲ ဖြေရန်နီးလာပါက ပြည်မြို့သို့ နှစ်ပတ်ခန့်ခွင့်ယူပြီး ပြန်သွားတတ်ကြပါသည် ။ မွေးချင်းညီအစ်ကို၊ မောင်နှမအများ အဖြစ် စိန်ကုလားမှာ ညီမတစ်ယောက်ရှိ၍ ညို့ထွန်းထံတွင် ဆရာဝန်အစ်ကိုတစ်ဦးရှိသည် ။

ကျန်သုံးယောက်ကတော့ ရန်ကုန်သားများ ဖြစ်ကြ၏။ ဝေဖြိုးတို့ မိဘများ သည် ရပ်ကွက်ထဲ၌ လက်ဖက်ရည်ဆိုင် ဖွင့်ထား၏။ အရမ်းရောင်းရပြီး စီးပွားဖြစ်သည် ။ ဒါ့အပြင် ဝေဖြိုးတို့ က ငွေတိုးချေး၊ အပေါင်ခံလည်း လုပ်သေးသည် ။ ဝေဖြိုး၏ မိဘများမှာ စစ်ကိုင်းဘက်မှ ဖြစ်သော်လည်း ၊ လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်ကတည်းက ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်ပါ၏။ ဝေဖြိုး၏ အမေသည် နယ်မှ ပါလာသော ကိုယ်ဝန်ကြီးကို ရန်ကုန်တွင် မွေးဖွားသဖြင့် ဝေဖြိုးမှာ ရန်ကုန်သား ဖြစ်လာခဲ့ရသည် ။ ဒါပေမဲ့ အညာသူ၊ အညာသား လင်မယားမှ ဖွားမြင်လာသောကြောင့် သူ့ရုပ်ရည်မှာ အညာသားဓာတိ ဖျောက်မရဘဲရှိလေ၏။

အောင်ဘိုဘိုနှင့် မင်းသန့်တို့ သည် မရှိမရှား မိသားစုမျိုးမှ ပေါက်ဖွားဆင်းသက်လာခဲ့ကြသူများ ဖြစ်သည် ။ အောင်ဘိုဘိုတို့ အဖေက ပညာရေးဌာနမှ အငြိမ်းစား အရာရှိကြီးဖြစ်ကာ၊ အမေကတော့ အထက်တန်းပြ ဆရာမတစ်ဦးဖြစ်ပါသည် ။ ဝန်ထမ်းမိဘတွေမို့ အောင်ဘိုဘိုကို ပညာတတ်ဖြစ်စေချင်ကြသည် ။ သို့သော် အောင်ဘိုဘိုက ပညာရေးတွင် တစ်နှစ်တစ်တန်း ပုံမှန်အောင်ရုံလောက်သာ ဖြစ်၏။ မင်းသန့်ရဲ့ မိဘတွေကတော့ အောင်ဘိုဘိုတို့ ထက် ပို၍ ပြေလည်သည် ။ မင်းသန့်တို့ အဖေက အေးသလောက် အမေဖြစ်သူက အရောင်းအဝယ်ပညာ၌ ကျွမ်းကျင်သဖြင့်၊ သူတို့ မိသားစုမှာ အိုးမကွာ၊ အိမ်မကွာ စီးပွားရှာနိုင်လေသည် ။

တူညီသည်  မှာ ဝေဖြိုး၊ အောင်ဘိုဘိုနှင့် မင်းသန့်တို့ သုံးယောက်စလုံး ညီအစ်ကို၊ မောင်နှမတွေ မရှိကြဘဲ တစ်ဦးတည်းသောသားတွေဖြစ်နေခြင်းပင်… ။ စိတ်ပါသည့် အခါ အိမ်အလုပ်တွေကို အနည်းအကျဉ်း ကူလုပ်ပေးတတ်သည် မှ အပ သူတို့ သုံးယောက်မှာ အမြဲအားနေကြသူများ လည်း ဖြစ်၏။

ထိုကဲ့သို့ သူတို့ ရပ်ကွက်သားသုံးယောက်နှင့် အဆောင်သားနှစ်ယောက်တို့ အခုလိုအဖွဲ့ကျ၍ အပေါင်းအသင်းဖြစ်သွားစေသည့် နေရာ တစ်ခုရှိပါသည် ။ အဲဒီနေရာကတော့ သူတို့ အားလုံး စုဝေးရောက်ရှိနေသော အရက်ဆိုင်ပင် ဖြစ်တော့သည် ။

ဝေဖြိုးက နောက်ကျနေသော မင်းသန့်ကို မေးလိုက်၏။

"ဟေ့ကောင်… မင်းသန့်၊ မင်းက ဘာဖြစ်လို့ နောက်ကျနေရတာလဲ"

မင်းသန့်က ပြုံးရင်း

"ထုံးစံအတိုင်းပေါ့"

စိန်ကုလားက သူ့အထင်ကို ပြောသည် ။

"ဒါဆိုရင် နိုးနိုးအောင်ဆီမှာ အခစားဝင်နေရတာပဲဖြစ်မယ်… "

အောင်ဘိုဘိုက

"ဘယ်ကဟုတ်ရမှာ လဲ။ အခုတလော ဒီကောင်က ဘေဘီမြင့်မိုရ်နဲ့ ပြန်ကြည်နေတဲ့ ဥစ္စာ… ။ ဘေဘီဆီက ပြန်လာတာပဲဖြစ်မှာ ပေါ့။ ဟုတ်တယ်မှတ်လား မင်းသန့်…."

မင်းသန့်သည် သူတို့ နှစ်ယောက်စလုံး၏ ထင်မြင်ချက်တွေကို ပြုံးပြုံးလေးနှင့် ခေါင်းရမ်းရင်း ငြင်းပယ်ပစ် လိုက်လေသည် ။ မင်းသန့်

ရဲ့ မျက်နှာမှာ အရင်ထက်ပိုပြီး ကြည်လင်တောက်ပလို့ နေ၏။ တစ်စုံတစ်ရာသော မျှော်လင့်ချက်နှင့် မင်းသန့်သည် သူ့ကိုယ်သူ ကျေနပ်နေပုံရသည် ။ သူတို့ သည် အရပ်သောက်ဖို့ ထက် မင်းသန့်၏ ကိစ္စမှာ အာရုံစူးစိုက်မိသွားကြပါသည် ။ လုံးဝငြိမ်နေသည့် ညိုထွန်းကလည်း သူသိသမျှလေးကို ဝင်မေးပြန်၏။

“ဒါဖြင့် စံပယ်နဲ့ ကွာ”

ညိုထွန်းက အဲသလို အပိုင်ပြောချလိုက်သော်လည်း ၊ မင်းသန့်မှာ ခေါင်းကိုသာ တွင် တွင် ရမ်းမြဲရမ်းနေလေသည် ။ ဇာတ်ရှိန်မှာ ပို၍ တက်လာ၏။ နောက်ဆုံးတွင် ဝေဖြိုးကိုယ်တိုင် အားမလို၊ အားမရဖြစ်လာကာ ဝင်ပြောပါတော့သည် ။

“ဟေ့ကောင်၊ မင်းက ဘာလဲကွ၊ ပြောတော့ ထုံးစံအတိုင်းဆို… ”

“အေးလေ… ထုံးစံအတိုင်းပဲဥစ္စာ…။ ဘာဖြစ်လို့ လဲ”

“မင်းရဲ့ ထုံးစံဆိုတော့ ကောင်မလေးတွေကြောင့် နောက်ကျနေတာ မဟုတ်ဘူး လား”

“ဟုတ်တယ်လေ… ”

“ဟုတ်ရင် ဟိုကောင်တွေပြောတဲ့ နိုးနိုးမိုးအောင်တို့ ၊ ဘေဘီမြင့်မိုရ်တို့ ၊ စံပယ်တို့ ဆိုတာ လက်ရှိမင်းနဲ့ ပတ်သက်နေတဲ့ စော်တွေပဲ။ အခုမင်းဟာက သူတို့ တစ်ယောက်မှ မဟုတ်ဘူး ဆိုတော့… ဘယ်လိုကြီးလဲ”

မင်းသန့်က ဝေဖြိုး၏ စကားကိုကြားတော့ သဘောကျစွာ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်မိသည် ။ သူငယ်ချင်းတွေခမျာ သူ့အပြုအမူများကို မအီမလည်နှင့် သည်းခံနေရရှာပါသည် ။ စိတ်ထဲမှာ ကျိတ်ပြီး ကျိန်ဆဲသူတွေကလည်း ကျိန်ဆဲနေကြ၏။ မျက်နှာရှုံးလေးဆိုပြီး ခွင့်လွှတ်သူ

တွေကလည်း ခွင့်လွှတ်ပေးကြ၏။ သူငယ်ချင်း အချင်းချင်းတွေအပေါ် စိတ်တိုင်းကျ အထာကိုင်ပြီးသွားပြီမို့ မင်းသန့်တစ်ယောက် အားရကျေနပ်သွားသည် ။ ဒီတော့မှ သူက

"မင်းတို့ က မင်းသန့်ဆိုတဲ့ ငါ့နာမည်ကို မေ့ထားကြတာကိုး... ။ ဒါမှမဟုတ် ငါ့ကိုလျှော့တွက်ထားတာပဲဖြစ်မယ်။ မင်းတို့လို အာပလာကောင်တွေ မဟုတ်ဘူး ။ နားလည်လား။ အခုတစ်ယောက်က လုံးဝအသစ်လေးနော်... ။ မန္တလေးကနေ မေမေဆောင်ကို ပြောင်းလာတာ။ နာမည်က မမဝတ်မှုန်တဲ့ ... "

သူက သူငယ်ချင်းတွေကို အဲဒီလိုကြွေးကြော်လိုက်တော့ အားလုံးတစ်ယောက်တစ်ပေါက်နှင့် ကျွက်ကျွက်ညံလို့ သွားလေသည် ။

"ဟာ... မင်းသန့်တို့ ကတော့ လုပ်ချလိုက်ပြန်ပြီဟေ့"

"မမဝတ်မှုန်ဆိုတော့ မင်းထက်ကြီးမှာ ပေါ့။ ဘယ်ကနေဘယ်လိုတွေ့ပြီး ဇာတ်လမ်းဖြစ်သွားတာလဲ"

"မင်းက အသစ်ရသွားပြီဆိုတော့ ငါတို့ ကို အဟောင်းလေးတွေ စွန့်ကြဲပါလားဟင်"

ခုနတုန်းက မင်းသန့်ကို မဲ့မဲ့ရွဲ့ရွဲ့နှင့် ဆက်ဆံခဲ့ကြသော သူငယ်ချင်းများမှာ သူ့ရဲ့ အောင်မြင်မှုသတင်းကြောင့် ပျော်ရွှင်တက်ကြွလျက်ရှိနေကြပြန်သည် ။ မင်းသန့်ကို ဂုဏ်ပြုသည့် အနေနှင့် ဝေဖြိုးက ဦးဆောင်ကာ အရက်ခွက်များကိုင်မြှောက်၍ "ချီးချဲ့ယား... " ဟု သူတို့ အော် လိုက်လေသည် ။

ဒီနေရာမှာ တော့ သူတို့ အားလုံး မင်းသန့်ကို အပြည့်အဝယုံကြည်ကြ၏။ ကောင်မလေးတွေရဲ့ အထာများကို မင်းသန့်

က ကျေညက်ကျွမ်းကျင်လွန်းလှသည် ။ အဲဒီအပိုင်းတွင် မင်းသန့်က လုံးဝဆရာကြီး… ။ ပြီးတော့ သူ့ရုပ်ရည်ကလည်း တော်ရုံတန်ရုံကောင်မလေးမျိုးက စ၍ လိုက်ကြိုက်ရမည့် အနေအထားဖြစ်သည် ။ ကောင်မလေးတစ်ယောက်ကို သူကသာ စကြိုးစားခဲ့ပါက ပွဲသိမ်းပြီလို့ ပင် ဆိုနိုင်ပေ၏။

အခုလည်း မမဝတ်မှုန်ကိစ္စတွင် မင်းသန့်က သူငယ်ချင်းကို အပိုင်ကြီးပြောထားခဲ့ပြီးပြီ။ အမှန်တကယ်တော့ သူနှင့် မမဝတ်မှုန်တို့၏ အခြေအနေမှာ တစ်ယောက်ကိုတစ်ယောက် မှတ်မိ၊ သိရှိနေကြရုံသာ ရှိသေးသည် ။ ဒါပေမဲ့ မင်းသန့်၏ အတွေ့အကြုံအရ မမဝတ်မှုန်လို သူ့ထက်ခြောက်နှစ်နီးပါး အသက်ကြီးသည့် ကောင်မလေးမျိုးမှာ သူ့ကိုပြန်ကြိုက်ရန် ရာနှုန်းပြည့်သေချာပါသည် ။

ဝေဖြိုးက မင်းသန့်ကို ပြောလိုက်၏။

"ဒါဆို ဒီနေ့ဝိုင်းက မင်းသန့်ရဲ့ ပွဲ ဖြစ်သွားပြီပေါ့။ ဟုတ်လား… "

မင်းသန့်မှာ ဝေဖြိုး၏ စကားကို မငြင်းသာဘဲ လက်ခံ လိုက်လေသည် ။

"ရပါတယ်ကွ။ ဒီနေ့ မင်းတို့ ကို ငါပြုစုမယ်၊ ဟုတ်ပြီလား"

"ဟေး… "

သူငယ်ချင်းတွေအားလုံး ပျော်မြူးနေကြသည် ။ နောက်… အနည်းငယ်မူးပြီး ထွေလာသော့ အာလေး၊ လျှာလေးတွေ ဖြစ်ကုန်၏။ မင်းသန့်ကိုလည်း ချီးမွမ်းလို့ မဆုံးနိုင်တော့ချေ။ စိန်ကုလားက သူ့ကို ဘယ်နှစ်ကြိမ်မြှောက်မှန်းမသိ လေးစားလို့ နေပြန်သည် ။

"မင်းသန့်ရာ… မင်းကိုတော့ ငါတကယ် "ဂါ" သွားပြီ။ လုံးဝအမှန်အ

ကန် "ဂါ"တာနော်... ဖောရှောနဲ့ "ဂါ" တာ မဟုတ်ဘူး "

စိန်ကုလားပြောတာကို ညိုထွန်းက မူးမူးရူးရူးနှင့် သဘောတူလိုက်၏။

"ဟုတ်တယ်။ "ဂါ" သင့်တယ်။ ငါလည်း ထောက်ခံတယ် "

စိန်ကုလားပြောတဲ့ "ဂါ" တယ်ဆိုတာ လေးစားတာ၊ ဂါ၀ရရှိတာကို ဆိုလိုမှန်း မင်းသန့်သိပါသည် ။ အရက်သမားတွေ မူးလာလျှင် ထိုကဲ့သို့ အလွယ်တကူ "ဂါ" တတ်ကြပုံရ၏။ သူတို့ ၏ အကျင့်မှာ စတင်မူးလာသည် နှင့် တစ်ဝိုင်းထဲ အရက်အတူသောက်နေသော လူကို အကြောင်းမရှိ၊ အကြောင်းရှာကာ "ဂါ" တော့သည် ။ ဒီလိုမှ အားမရသေးပါက သူတို့သည် နောက်ဆုံးတွင် ကိုယ့်ကိုယ်ကိုပြန်ပြီး "ဂါ" တတ်ကြ၏။ ဒါသည်ကပင် သူတို့ ၏ ယဉ်ကျေးမှုတစ်မျိုးဖြစ်နိုင်လေသည် ။

မင်းသန့်မှာ သူငယ်ချင်းများက သူ့ကိုဝိုင်း၍ "ဂါ" နေကြသော်လည်း စိတ်ထဲတွင် သိပ်မပျော်ရွှင်ဘဲ လေးလံလျက်ရှိ၏။ သူက သက်ပြင်းရှည်ကြီးကို စိတ်ပျက်လက်ပျက်နှင့် "ဟူး" ခနဲ မှုတ်ထုတ်ပစ်လိုက်မိ၏။ ဘော်ကြယ် နေရောင် ဆောင်းညသည် တစ်စထက်တစ်စ ပိုမိုချမ်းစိမ့်လာ၏။ မင်းသန့်မှာ သာ ဆောင်း၏ အေးစက်မှုထဲ၌ ချွေးစေးများ နှင့် တစ်ယောက်တည်း ပူအိုက်နေခဲ့သည် ။ ဒီလောက်တော့ရှိမည်။ သူတို့ သောက်နေသော အရက်ဆိုင်ကိုက "လောကဓံ" ဟု အမည်တွင်သည် မဟုတ်ပါလား။

*